# မတ်လ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ မတ်လကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူ ၂၄၈ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၅၄ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၇၄ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၂၀ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ဒီဗွီဘီ
မတ်လ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# မာတိကာ

နိုင်ငံရေးအကျဉ်းသားများ......3

- ဖမ်းဆီးခံရခြင်းများ......3
- ထိန်းသိမ်းခံရခြင်းများ......3
- တရားရင်ဆိုင်ရခြင်းများ......5
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ......8
- နိုင်ငံရေးအကျဉ်းသားဟောင်းများ......9

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ......10

ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ......22

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ......23

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Link......24

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**စစ်တွေမြို့ ပုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ဖမ်းဆီးစစ်ဆေးခံရသူ ကိုးဦးအထိရှိပြီး ငါးဦး ပြန်လည် လွတ်မြောက်လာ**

စစ်တွေမြို့ ပုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ မတ်လ ၂ ရက်နေ့အထိ ဖမ်းဆီးစစ်ဆေးခံနေရသူ ကိုးဦးအထိရှိလာ ပြီဖြစ်ကြောင်း သိရှိရသည်။ ဖမ်းဆီး၊ထိန်းသိမ်းခြင်းခံထားရသော ကိုနိုင်စိုး၊ ကိုသန်းရွှေ၊ ကိုရွှေထွန်းအောင်၊ ကိုကျော်မြင့်ရွှေ၊ ကိုမောင်မြင့်ရွှေ၊ ကိုမောင်အေးဝင်း၊ ကိုမောင်ဦးမြင့်၊ ကိုမောင်သက်စိုးပိုင်၊ ကိုမောင်မြင့်ကြည်တို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၅၀ (က)၊ (ဈ) ဖြင့် စစ်ဆေးခံနေကြရသည်။ ၎င်းတို့ကိုးဦးကို ချုပ်ရက်ရမန်ယူ၍ စစ်ဆေးနေသည်မှာ သီတင်း လေးပတ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း မိသားစုဝင်များနှင့် တွေ့ဆုံခွင့်မရရှိသေးပါ။

ကိုနိုင်စိုးသည် အသည်းရောင် အသားဝါရောဂါခံစားနေရသူဖြစ်ပြီး ဖမ်းဆီးစစ်ဆေး ခံနေရချိန်အတွင်း ပုံမှန်ဆေးဝါးကုသမှု မရရှိသောကြောင့် သူ၏ရောဂါလက္ခဏာသည် ပိုမိုဆိုးရွားလာခဲ့သည်။ ထို့ကြောင့် မတ်လ ၁၆ ရက်နေ့တွင် ကိုနိုင်စိုး၏ မိသားစုဝင်းများမှ ကိုနိုင်စိုးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရန် ရခိုင်ပြည်နယ်အစိုးရထံ တင်ပြခဲ့သည်။ သို့ဖြစ်၍ မတ်လ ၁၇ ရက်နေ့တွင် ကိုနိုင်စိုးသည် စစ်တွေဆေးရုံတွင် ဆေးစစ်ခွင့်ရရှိခဲ့သည်။

၎င်းတို့ကိုးဦးအနက် ရှစ်ဦးမှာ ချုပ်ရက်ရမန် ရက်ပေါင်း ၃၀ ပြည့်ပြီ ဖြစ်သော်လည်း အမှုတွဲတင်နိုင်သည့် သက်သေ အထောက်အထားများ မရရှိသောကြောင့် ရဲတပ်ဖွဲ့က ယင်းအမှုတွဲပါ ဖြစ်စဉ်တစ်ခုနှင့် ထပ်ချုပ်ခွင့် တောင်းခံခဲ့သော်လည်း တရားရုံးက ပယ်ချခဲ့သည်။ ထို့အတွက် မတ်လ ၂၆ ရက်နေ့တွင် စစ်တွေ မြို့မရဲစခန်းမှ ကိုနိုင်စိုးအပါအဝင် ငါးဦးကို အာမခံဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။ နောက်ထပ် သုံးဦးအနက် နှစ်ဦးကို တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ တစ်ဦးကို မြောက်ဦး ပုံးပေါက်ကွဲမှုတို့ဖြင့် ထပ်မံ ချုပ်ရက်ရမန်ယူကာ စစ်ဆေးလျက်ရှိသည်။

[၂၀၁၈ ခုနှစ်၊ မတ်လ ၂ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၃ ရက်၊ အီလဲဗင်း]
[၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက် ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက် ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက် 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက် BNI/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက် ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက် ဧရာဝတီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက် BNI/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက် အီလဲဗင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် The Voice/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် ဧရာဝတီ]

**သိန္နီဒေသခံရွာသား ၁၆ ဦးကို ဖမ်းဆီး**

မတ်လ ၁၇ ရက်နေ့တွင် ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ (MNDAA) မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ ဟိုမွန်းရွာမှ ဒေသခံရွာသား ၁၆ ဦးကို ဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီလ အတွင်းတွင် မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်း မဟာမိတ်အဖွဲ့ဝင် ကိုးကန့်တပ်ဖွဲ့တို့အကြားဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ဆက်နွယ်ပြီး ရွာသားများ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟု ဒေသခံများမှ ယူဆ နေကြသည်။

[၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ BNI/မြန်မာ]

## ▪ ထိန်းသိမ်းခံရခြင်းများ

**လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ရှန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် တောင်သူ သုံးဦးကို အမှုဖွင့်**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် မလွတ်ကင်းသည့်အတွက် ပြောင်းရွှေ့ရန် သတ်မှတ်ထားသော ဝက်မွေးကျေးရွာမှ နေအိမ် ခုနစ်လုံးကို မတ်လ ၂၉ ရက်နေ့တွင် ပြောင်းရွှေ့ရန် စီစဉ်ရာ ရဲကားများကို ကျေးရွာအတွင်း ဝင်ခွင့်မပြုဘဲ တားဆီးခဲ့ခြင်းအတွက် ဒေသခံများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင် များကြား ရှန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ဆားလင်းကြီးမြို့မ ရဲစခန်းမှ ဒေသခံတောင်သူ ၃ ဦးကို ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၃၃၃ တို့ဖြင့် အမှုဖွင့်ခဲ့သည်။ အမှုဖွင့်ခြင်းခံခဲ့ရသူများမှာ ဝက်မွေးကျေးရွာမှ မသွဲ့သွဲ့ဝင်း၊ မစန်းစန်းလှနှင့် မဖြူဖြူဝင်း တို့ဖြစ်ကြသည်။ ရှန်းရင်းဆန်ခတ်ဖြစ်ပွားပြီးနောက် မသွဲ့သွဲ့ဝင်းနှင့် မစန်းစန်းလှတို့သည် ဖမ်းဆီး၊ထိန်းသိမ်းခြင်း ခံခဲ့ရပြီး ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသဖြင့် ဆားလင်းကြီး ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ

၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ The Voice/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ ဧရာဝတီ

၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- ## တရားရင်ဆိုင်ရခြင်းများ

**ရိုက်တာ သတင်းထောက်နှစ်ဦး ဆက်လက် တရားရင်ဆိုင်နေရ**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကတည်းက ဖမ်းဆီးထိန်းသိမ်းခံထားရသော ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်ကြသည့် ကိုဝလုံး ခေါ် ကိုသက်ဦးမောင် နှင့် ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့သည် ဆက်လက် တရားရင်ဆိုင်နေကြရသည်။ ၎င်းတို့သည် ထောင်ဒဏ် ၁၄ နှစ်အထိ ချမှတ်ခံရနိုင်သော နိုင်ငံတော်အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဖြင့် တရားစွဲဆိုခြင်းခံထားရသည်။

မတ်လတွင်းပြုလုပ်သော တရားခွင်ကြားနာစစ်ဆေးမှုအတွင်း တရားလိုပြသက်သေတစ်ဦးသည် မည်သို့ ထွက်ဆိုရမည်ကို မှတ်မိစေရန် ၎င်း၏ လက်တွင် အရေးကြီးသော အချက်အလက်များကို ရေးမှတ်ထားခဲ့ပြီး သတင်းထောက်နှစ်ဦးကို အချက်အလက်များပေးခဲ့သော နေရာဖြစ်သည့် စားသောက်ဆိုင်မှ ပိုင်ရှင်ဖြစ်သူက ထိုအချိန်က ၎င်းသည် ဆိုင်တွင်ရှိသော်လည်း ထိုင်သည့်နေရာ အနေအထားကြောင့် သတင်းထောက်နှစ်ဦးကို မြင်တွေ့ခဲ့ခြင်းမရှိပါဟု ထွက်ဆိုခဲ့သည်။ ၎င်းတို့နှစ်ဦးအား ဖမ်းဆီးခဲ့ပြီးနောက် ရဲများမှ ကိုဝလုံး ခေါ် ကိုသက်ဦးမောင်၏ နေအိမ်အား ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခဲ့ပြီး နတ်ပတ် (Notepad)၊ Hard Drive နှင့် လက်ဆွဲကွန်ပျူတာ (Laptop) တို့အား သိမ်းဆည်းခဲ့သည်။ လက်ရှိတွင် ကိုကျော်စိုးဦးသည် အသည်းရောဂါခံစားနေရပြီး အကျဉ်းမကျမီက ထိုရောဂါ မရှိခဲ့ကြောင်း ၎င်း၏ရှေ့နေဖြစ်သူ ဦးခင်မောင်ဇော်က ပြောကြားခဲ့သည်။ သို့သော်လည်း ကိုကျော်စိုးဦးသည် အကျဉ်းထောင်ပြင်ပတွင် ဆေးကုသမှုခံယူရန် ခွင့်ပြုချက်မရရှိခဲ့ပါ။

မတ်လ ၂၉ ရက်နေ့တွင် တရားခွင် ကြားနာ စစ်ဆေးမှုကို ဆက်လက် ပြုလုပ်ခဲ့ပြီး ရှေ့နေဖြစ်သူ ဦးခင်မောင်ဇော်မှ ခိုင်လုံသော သက်သေအထောက်အထား မတွေ့ရှိရသောကြောင့် အမှုအားရုပ်သိမ်းပေးရန် တရားရုံးတွင် လျှောက်ထားခဲ့သည်။ ထို့ကြောင့် ဧပြီလ ၄ ရက်နေ့တွင် ထိုလျှောက်ထားချက်ကို ကြားနာမည်ဖြစ်သည်။

သတင်းဌာနများနှင့် နိုင်ငံတကာ သံရုံးများမှ ၎င်းတို့လွတ်မြောက်ရေးအတွက် ဆက်လက် တောင်းဆိုလျက်ရှိပြီး ထင်ရှားသော လူ့အခွင့်အရေး ရှေ့နေတစ်ဦးဖြစ်သူ အေမယ်ကလိုနီသည် ၎င်းတို့အမှုကို လိုက်ပါ ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ The Economist
၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ မဇ္ဈိမ

**စာရေးဆရာ ဝေပေါင်အောင်နှင့် ဒေါက်တာ အေးမောင်တို့ ဆက်လက် တရားရင်ဆိုင်**

စစ်တွေအကျဉ်းထောင်တွင် ထိန်းသိမ်းခြင်းခံထားရသော စာရေးဆရာ ဝေပေါင်အောင်နှင့် အမ်းမြို့နယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နှင့် ရခိုင်အမျိုးသားပါတီ ခေါင်းဆောင်ဟောင်း ဦးအေးမောင်တို့ကို မတ်လ ၇ ရက်၊ မတ်လ ၁၄ ရက်နှင့် မတ်လ ၁၉ ရက်နေ့တို့တွင် စစ်တွေ ခရိုင်တရားရုံး၌ ရုံးထုတ် စစ်ဆေးခဲ့သည်။ ရခိုင်ဘုရင့် နိုင်ငံတော် ကျဆုံးခြင်း အထိမ်းအမှတ် အခမ်းအနားတွင် ဟောပြောခဲ့သော ဟောပြောချက်များအတွက်

၎င်းတို့သည် နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု ပုဒ်မ ၁၂၂၊ နိုင်ငံတော် အကြည်ညို ပျက်စေမှု ပုဒ်မ ၅၀၅ (ခ) (ဂ)၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇/၁ တို့ဖြင့် အမှုဖွင့် တရားစွဲဆိုခြင်း ခံထားရသည်။ မတ်လ ၁၄ ရက်နေ့ တရားခွင်ကြားနာစစ်ဆေးမှုအတွင်း တရားလိုမှ အထက်မှ ညွှန်ကြားခဲ့၍ ၎င်းတို့နှစ်ဦးအား တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ဒေါက်တာအေးမောင်မှ အပြစ် မရှိကြောင်း ခုခံထွက်ဆိုခဲ့ပြီး သူ့အား ပြစ်ဒဏ်ချမှတ်ရန် ဖိအားပေးမှုများကို ဆန့်ကျင်၍ ရပ်တည်ရန် တရားရေးဆိုင်ရာ အာဏာပိုင်များအား တောင်းဆိုခဲ့သည်။ အပြစ်ရှိသည်ဟု ထင်မြင်ယူဆမှုသည် ရခိုင်တိုင်းရင်းသားများအား နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများမှ ဖိနှိပ်ရန် ဦးတည်မှုတစ်ခုအဖြစ် မှတ်ယူ နိုင်သည်ဟု ဝေဖန်သူများမှ ယုံကြည်လျှက်ရှိသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ Frontier
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ

**တအာင်းဥပဒေအထောက်အကူပြုအဖွဲ့ တာဝန်ခံ မိုင်းမျိုးအောင်ကို ရုံးထုတ်စစ်ဆေး**

မတ်လ ၉ ရက်နေ့တွင် ရှမ်းပြည်နယ် လားရှိုးမြို့မှ တအာင်းဥပဒေအထောက်အကူပြုအဖွဲ့ တာဝန်ခံ မိုင်းမျိုးအောင်ကို မူဆယ်မြို့နယ် တရားရုံးတွင် ပထမအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ ကောင်းမှုတုန်ရပ်ကွက်ရှိ လောင်းကစားရုံ လုံခြုံရေးပြည်သူ့စစ်နှင့် သေနတ်ကိုင်ဆောင်သူ တရားခံတို့ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာမှ ပြည်သူ့စစ် တစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ မိုင်းမျိုးအောင်သည် မူဆယ်မြို့တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ မိုင်းမျိုးအောင် အပါအဝင် ထွက်ပြေးလွတ်မြောက်နေသူ နှစ်ဦးကို လူသတ်မှုနှင့် လူသတ်မှုကို အားပေးကူညီမှု ပုဒ်မ ၃၀၂၊ ၃၀၇၊ ၁၁၄ နှင့် ကားလိုင်စင်မရှိသဖြင့် ပို့ကုန်သွင်းကုန်ဥပဒေ၊ ပုဒ်မ ၈ ဖြင့် တရားစွဲဆိုထားပြီး ယနေ့တွင် တရားလိုပြ သက်သေတစ်ဦးကို စစ်ဆေးခဲ့သည်ဟု အမှုအားလိုက်ပါ ဆောင်ရွက်ပေးနေသူ တရားလွှတ်တော် ရှေ့နေ ဦးဝင်းမြင့်အောင်က ပြောကြားခဲ့သည်။ လာမည့် မတ်လ ၁၆ ရက်နေ့တွင် ရုံးချိန်း ထပ်မံချိန်းဆိုထားသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ မဇ္ဈိမ/မြန်မာ

**ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသော ရှေ့နေတစ်ဦး၏ အမှုအား ရုပ်သိမ်းပေးရန် ပန်ကြားထားသောစာကို တုံ့ပြန်ခြင်းမရှိ**

၂၀၁၅ ခုနှစ်၊ မတ်လတွင် အမျိုးသား ပညာရေးဥပဒေကို ဆန့်ကျင်ဆန္ဒပြနေစဉ်အတွင်း လက်ပံတန်းမြို့နယ်၌ ဖမ်းဆီး၊ ထိန်းသိမ်း ခြင်းခံခဲ့ရသော ကျောင်းသားများနှင့် ဝန်းရံသူများ၏ အမှုကို လိုက်ပါ ဆောင်ရွက်ပေးနေသော ရှေ့နေများ ကွန်ရက်မှ ရှေ့နေတစ်ဦးဖြစ်သူ ဒေါ်ခင်ခင်ကျော်၏ အမှုအား ရုပ်သိမ်းပေးရန် ဖေဖော်ဝါရီလ ၁ ရက်နေ့က သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများထံသို့ ပန်ကြားစာ ပေးပို့ခဲ့သော်လည်း တုံ့ပြန်မှုတစ်စုံတစ်ရာမရှိခဲ့ပါ။ ထိုပန်ကြားစာသည် ဒုတိယအကြိမ် ပန်ကြားထားသော စာဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပထမအကြိမ် ပန်ကြားစာ ပေးပို့ခဲ့သည်။ ဒေါ်ခင်ခင်ကျော်သည် ဝတ္တရားနှောင့်ယှက်မှု။ ရာဇသတ်ကြီး ပုဒ်မ ၂၂၈ ဖြင့် တရားရင်ဆိုင်နေရပြီး ဆန္ဒပြကျောင်းသားများအား ဦးဆောင်သူ တစ်ဦးဖြစ်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ ကိုသန်းထိုက်သည်လည်း ဒေါ်ခင်ခင်ကျော်နှင့်အတူ ရာဇသတ်ကြီး ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခြင်း ခံထားရသည်။ မတ်လ ၂၀ ရက်နေ့ထိတိုင် ၎င်းတို့သည် မင်းလှမြို့နယ်တရားရုံးတွင် ရုံးချိန်းပေါင်း ၅၅ ခု တက်ရောက်ခဲ့ပြီးဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ မြန်မာတိုင်း

**ဦးကိုနီလုပ်ကြံခံရမှု တရားခွင်ကြားနာစစ်ဆေးမှု ဆက်လက်ပြုလုပ်**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေး၊ တရားလွှတ်တော်ရှေ့နေ ဦးကိုနီလုပ်ကြံခံရခြင်းအတွက် တရားခွင်ကြားနာ စစ်ဆေး မှုကို ရန်ကုန် မြောက်ပိုင်းခရိုင် တရားရုံး၌

မတ်လအတွင်းတွင် ဆက်လက်ပြုလုပ်ခဲ့သည်။ မတ်လ ၁၅ ရက်နေ့ ရုံးချိန်းတွင် ပြန်ခေါ် သက်သေအဖြစ် ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းကို စစ်ဆေးခဲ့ရာ ဦးလင်းဇော်ထွန်းမှ ဦးကိုနီအား သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သူသည် လက်ရှိ အမှုရင်ဆိုင်နေရသော သေနတ်သမား ကြည်လင်း မဟုတ်ဘဲ တရားလိုပြသက်သေ ကိုအောင်စိုးဟုသိထားကြောင်း ထွက်ဆိုခဲ့သည်ဟု ဦးကိုနီအမှုကို လိုက်ပါဆောင်ရွက်နေသော တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဌေးမှ သတင်းထောက်များကို ပြောကြားခဲ့သည်။ မတ်လ ၁၆ ရက်နေ့တွင် ဦးလင်းဇော်ထွန်းမှ ကိုအောင်စိုးနှင့် တွေ့ဆုံ၍ တရားရုံးတွင် မှားယွင်းထွက်ဆိုခဲ့သည့်အတွက် တောင်းပန်ကြောင်း ပြောကြားခဲ့သည်။ မတ်လ ၂၂ ရက်နေ့တွင် ရုံးချိန်း ပြန်လည်တက်ရောက်ရန် ချိန်းဆိုခဲ့သော်လည်း ၎င်းတို့၏ အမှုတွဲဖိုင်များကို တခြားတရားရုံးသို့ ပို့ခဲ့သောကြောင့် ရုံးချိန်းကို ရွှေ့ဆိုင်းခဲ့ရသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ဒီဗွီဘီ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ ဒီဗွီဘီ

၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်၊ ဒီဗွီဘီ

၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်၊ ဒီဗွီဘီ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၇ ရက်၊ Frontier

- **ထောင်ဒဏ်ချမှတ်ခံရခြင်းများ**

**ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးအား ထောင်ဒဏ် နှစ်နှစ်ချမှတ်**

မတ်လ ၂၈ ရက်နေ့တွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားသူကြီး ဦးချစ်ကိုကိုမှ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ)ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကလေးစစ်သား ဟောင်း ကိုအောင်ကိုထွေးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ထို့ပြင် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ် ဥပဒေပုဒ်မ ၇ ဖြင့်လည်း ကိုအောင်ကိုထွေးကို ထပ်မံ တရားစွဲ ဆိုခဲ့သည်။ ဇန်နဝါရီလကတည်းက ကိုအောင်ကိုထွေးသည် တရားစီရင်ရေးကို အယုံအကြည်မရှိကြောင်း ဆန္ဒပြ သပိတ်မှောက်နေသည့်အတွက် လက်ရှိချမှတ်လိုက်သော ပြစ်ဒဏ်နှင့် ထပ်တိုးပုဒ်မများအတွက် ရှေ့နေပါဂါအားလုံး ရုပ်သိမ်းခြင်းခံထားရသည်။ ထိုကဲ့သို့ တရားရုံးအား သပိတ် မှောက်ခြင်း အတွက် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဒဂုံ ဆိပ်ကမ်းမြို့နယ် တရားသူကြီး ဦးချက်ကိုကိုမှ ကိုအောင်ကိုထွေးကို တရားရုံးအား မထီမဲ့မြင်ပြုမှု ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခဲ့ပြီး ထို့နေ့တွင်ပင် ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

ကိုအောင်ကိုထွေးသည် ကလေး စစ်သားဟောင်း အဖြစ် အဓမ္မ စုဆောင်း ခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် အကျဉ်းထောင်တွင်း ၁၀ နှစ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရစဉ်က အတွေ့အကြုံများကို လွတ်လပ်သော အာရှအသံ (RFA) နှင့် အင်တာဗျူး ပြုလုပ် ခဲ့ခြင်းအတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီး ခြင်းခံခဲ့ရသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ မြန်မာတိုင်း

**မာန်အောင်လေယာဉ်ကွင်းတိုးချဲ့ရန် မြေနေရာ ဖယ်ပေးခြင်း မရှိသည့်အတွက် ဒေသခံနှစ်ဦးကို ထောင်ဒဏ်ခုနစ်လချမှတ်**

မတ်လ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် တရားရုံးမှ မာန်အောင်လေယာဉ်ကွင်း တိုးချဲ့ရန် မြေနေရာ ဖယ်ပေးခြင်း မရှိသည့် ဒေသခံ နှစ်ဦးဖြစ်ကြသော ဦးသာနီနှင့် ဦးဖြူသီးခိုင်တို့ကို လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၅ ဖြင့် ထောင်ဒဏ် ခုနစ်လစီ ချမှတ်ခဲ့သည်။ မာန်အောင်လေယာဉ် ကွင်း တိုးချဲ့တည်ဆောက်ရာတွင် ဒေသခံ ၃၂ ဦး၏ မြေနှင့် နေအိမ် များပါဝင်ပြီး အစိုးရမှ တစ်ကောလျှင် လျော်ကြေး ကျပ်သိန်း ၁၈၀ ပေးရာ တောင်သူ ၂၉ ဦးက လက်ခံခဲ့ပြီး ဦးသာနီ၊ ဦးဖြူသီးခိုင်နှင့် ဦးတင်န တို့သုံးဦးက လျော်ကြေးမှာ ကာလပေါက်ဈေးထက် လွန်စွာနည်းပါးနေ၍ လက်မခံခဲ့ဘဲ လျော်ကြေးငွေပိုတောင်းကာ ၎င်းတို့၏ နေအိမ်များကို ဖယ်ပေး ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် မာန်အောင်မြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဦးစောရွှေမောင်မှ ၎င်းတို့ သုံးဦး ကို တရားစွဲဆိုခဲ့သည်။

သို့သော် လျော်ကြေးမယူသူ တောင်သူသုံးဦးအနက် ဦးတင်န သည် တရားရင်မဆိုင်လို၍ လျော်ကြေးရယူခဲ့သဖြင့် ကျန် နှစ်ဦးဖြစ်သည့် ဦးသာနီနှင့် ဦးဖြူသီးခိုင်တို့သည်သာ ထောင်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ မာန်အောင်လေယာဉ် ကွင်း တိုးချဲ့ရာတွင် နေရာဖယ်ပေးခြင်း မရှိသည့် အိမ်ထောင်စု များအပေါ် တရားစွဲဆိုထားခြင်းကို ပြန်လည် ရုပ်သိမ်းပေးရန် မတ်လ ၂၀ ရက်နေ့တွင် မိသားစုဝင်များက ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ BNI
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်၊ BNI

## ▪ နိုင်ငံရေးအကျဉ်းသားဟောင်းများ

**နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရ**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အတွက် လှုပ်ရှားခဲ့သူ၊ ပြည်သူ့ဝန်ထမ်းဟောင်းနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးအောင်ဟိန်းရေးဦးသည် ထောင်မှ လွတ်မြောက်လာခဲ့ပြီး နောက် NLD ၏ ထောက်ပံ့ပေးမှုများကို မရရှိခဲ့ဘဲ ရုန်းကန်ခဲ့ရ ပုံများကို အွန်လိုင်းတွင် စာရေးသားမျှဝေခဲ့သည်။ သူသည် ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားသည်အထိ ၁၂ နှစ်ကြာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပညာရေးဌာနတွင် အလုပ်လုပ်ကိုင်ခဲ့သည်။ သူသည် လူထုတွင်း ကဗျာများရွတ်ဆို ခဲ့ခြင်းအတွက် အရေးပေါ်စီမံချက် အက်ဥပဒေ ပုဒ်မ ၅ ဖြင့် ဖမ်းဆီး၊ အကျဉ်းချထားခြင်းခံခဲ့ရသည်။ လွတ်မြောက်လာခဲ့ပြီး ကတည်းက သူသည် ပင်စင်ရရှိခြင်းမရှိဘဲ သူ၏ ဒီမိုကရေစီ အရေး လှုပ်ရှားမှုများကြောင့် ရာဇဝတ်မှတ်တမ်းရှိသည်ဟုဆိုကာ အလုပ်ရှာဖွေရာတွင်လည်း အခက်အခဲများနှင့် ရင်ဆိုင်နေရ သည်။

[၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ Coconuts]

**ဥရောပသမဂ္ဂ (EU)မှ ပေးအပ်သောဆုကို မြန်မာနောင်း အယ်ဒီတာချုပ် ကိုဆွေဝင်း လက်ခံရရှိ**

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ပေးအပ်သည့် ၂၀၁၈ ခုနှစ်အတွက် Schuman Award ဆုကို မတ်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံး (EU)မှ မြန်မာနောင်း သတင်းဌာန၏ အယ်ဒီတာချုပ် ကိုဆွေဝင်းကို ပေးအပ်ခဲ့သည်။ ကိုဆွေဝင်းသည် လူ့အခွင့်အရေးချိုးဖောက်မှု များကို သတင်းရေးသားဖော်ပြခဲ့ခြင်းအတွက် ထိုဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။ ကိုဆွေဝင်းနှင့် အတူ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူ ချယ်ရီဇာဟောင် (Cheery Zahau) နှင့် မွန်ပြည်နယ်မှ အမျိုးသမီးအခွင့်အရေး ကာကွယ် စောင့်ရှောက် သူ ဒေါ်ခင်သန်းထွေးတို့ ရရှိခဲ့ကြသည်။

[၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ မြန်မာတိုင်း]

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းရေးအတွက် ဆန္ဒထုတ်ဖော်**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးအတွက် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပဲခူးတိုင်း (တောင်ဘက်ခြမ်း)မှ ဆန္ဒပြသူ ၁၀၀ ခန့်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ စစ်တပ်မှ ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သောကြောင့် ဖျက်သိမ်းရန် ဆန္ဒပြခြင်းဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အဓိက ဝေဖန်ခြင်းသည် စစ်တပ်၏ အုပ်ချုပ်မှု အဆုံးသတ်ခဲ့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ စစ်တပ်အား အရေးပါသော အခန်းကဏ္ဍများကို ပေးထားခြင်းကြောင့်ဖြစ်သည်။

ထို့ပြင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းပေးရန် မတ်လ ၁၈ ရက်နေ့တွင် မန္တလေးမြို့၊ မနော်ရမ္မံကွင်း၌ လူအင်အား ၁၀၀ ခန့်က ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်သူတင်မြှောက်ထားသည့် အစိုးရသည် လုပ်ပိုင်ခွင့် အပြည့်အဝ မရရှိခြင်းကြောင့် ယခုလို ဆန္ဒပြခြင်း ဖြစ်သည်ဟု ဆန္ဒပြရာတွင် ပါဝင်သူ ကိုရဲဇော်ထွန်းမှ ပြောကြားခဲ့သည်။ ဆန္ဒပြပွဲကို မန္တလေးမြို့ခံများနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆန္ဒပြသူများမှ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ၂၁ ရာစု ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံအောင်မြင်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အလိုမရှိ စသည်တို့ကို ကြွေးကြော်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ မြန်မာတိုင်း/မြန်မာ

**မြေနကျွန်းများလုပ်ကိုင်ခွင့်ရရှိရေးအတွက် မြေယာမဲ့တောင်သူများ တောင်းဆို**

ဧရာဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့နယ် အိုင်ဇောက်ကျေးရွာဘက် ကမ်းရှိ မြေနကျွန်းကို ရာသီချိန်အမှီ လုပ်ကိုင်ခွင့်ပြုရန် တိုင်းဒေသကြီး အစိုးရထံ တင်ပြတောင်းဆိုထားကြောင်း မြေယာမဲ့တောင်သူများက ပြောကြားခဲ့သည်။

တောင်သူများအနေဖြင့် ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ရရှိရေးအတွက် ၂၀၁၄ ခုနှစ်မှ စတင်၍ တောင်းဆိုခဲ့သော်လည်း ယနေ့ချိန်ထိ လုပ်ကိုင်ခွင့်မရရှိခဲ့ကြောင်း၊ မြေနကျွန်းပေါ်တွင် လုပ်ကိုင်ခွင့်ရမည်ဆိုပါက ဆင်းရဲနွမ်းပါးသူများ အဆင်ပြေနိုင်မည်ဖြစ်သောကြောင့် မြစ်ရေမလွှမ်းမီ လုပ်ကိုင်ခွင့် ရရှိစေလိုကြောင်း ငါးသိုင်းချောင်းမြို့နယ် မြေယာမဲ့တောင်သူများ ကူညီစောင့်ရှောက်ရေးအဖွဲ့မှ မနော်နော်စိန်က ပြောကြားခဲ့သည်။

ဧက ၃၀ ကျော်ရှိသော မြေနကျွန်းအနက် ၁၀ ဧကခန့်ကို ငွေကြေးရှိသူ တောင်သူတချို့ လုပ်ကိုင်ခွင့်ရပြီး ကျန်ဧကများကို မည်သူမျှ လုပ်ကိုင်ခွင့်မရှိဟု အစိုးရက တားမြစ်ထားကြောင်း၊ ရွာအနီးသီးနှံစိုက်ပျိုးဖြစ်ထွန်းသည့် မြေနကျွန်းကို မြေယာမဲ့တောင်သူများ လုပ်ကိုင်ခွင့်မရရှိသဖြင့် အလုပ်အကိုင်ခွင့်လမ်းရှိသော်လည်း ခက်ခဲနေကြောင်း မြေယာမဲ့တောင်သူ ဦးအောင်မြိုင်က ပြောကြားခဲ့သည်။

ယင်းမြေနကျွန်းကို တောင်သူများမှ မြေငှားရမ်းခပေးကာ လုပ်ကိုင်လိုကြောင်း၊ ပလပ်မြေအဖြစ်ထားရှိခြင်းမှာ မည်သူမျှ အကျိုးမရှိကြောင်း လည်း ၎င်းကပြောကြားခဲ့သည်။
၂၀၁၈ ခုနှစ်၊ မတ်လ ၃ ရက်၊ The Voice/မြန်မာ

**အမ်းတွင် တောင်သူများ မြေယာလျော်ကြေး အပြည့်အဝ မရရှိသေးသောကြောင့် ဒေသခံတောင်သူများ ဆန္ဒထုတ်ဖော်**

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်း ဖြတ်သန်းသွားသည့် မြန်မာ-တရုတ် ရေနံဓာတ်ငွေ့ပိုက်လိုင်းကြောင့် နစ်နာခဲ့သော

ဒေသခံ တောင်သူများ နစ်နာကြေး အပြည့်အဝရရှိရေးအတွက် မတ်လ ၂၂ ရက်နေ့ တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုဆန္ဒထုတ်ဖော်မှုတွင် ကျေးရွာအုပ်စု ကိုးခုက လူဦးရေ ခြောက်ရာနီးပါး ပါဝင်ခဲ့သည်။ ရေနံပိုက်လိုင်းကြောင့် မြေယာ ဧက တစ်ထောင်ကျော် ဆုံးရှုံးခဲ့သော်လည်း ဧက သုံးရာခန့်သာ နစ်နာကြေးရထားသည်ဟု ပိုက်လိုင်း စောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာအရ သိရှိရသည်။ သဘာဝပိုက်လိုင်း စီမံကိန်း ကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော မြေယာများအတွက် လျော်ကြေးပေးရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း (MOGE)နှင့် ပိုက်လိုင်းစီမံကိန်းကုမ္ပဏီ (CNPC)တို့သည် သီးနှံလျော်ကြေး တွက်ချက်ပေးရေး ကော်မတီနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမရှိသောကြောင့် တောင်သူများမှာ လျော်ကြေး အပြည့်အဝ မရရှိသေးကြောင်း ပိုက်လိုင်းရေးရာ စောင့်ကြည့် လှုပ်ရှားရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ ပိုက်လိုင်းစီမံကိန်းကြောင့် မြေယာဧက ၁၀၀၀ ကျော် ဆုံးရှုံးပျက်စီးသွားခဲ့ပြီး မြေယာ လျော်ကြေး မရရှိသေးသော တောင်သူ ၁၀၀၀ ကျော် ရှိသည့် အနက် ၇၅ ရာခိုင်နှုန်းမှာ မြေယာလျော်ကြေး မရရှိသေးသော် လည်း သီးနှံလျော်ကြေးသာ ရရှိကြောင်း၊ ငွေကြေးပေးချေရာ တွင်လည်း သတ်မှတ်ဈေးနှုန်းနှင့် တောင်သူများအား ပေးချေသည့်ဈေးနှုန်းတို့သည် ကွာဟမှုရှိကြောင်း အမ်းမြို့နယ်မှ တောင်သူကိုယ်စားလှယ် ဦးဝဏ္ဏစောက ပြောကြားခဲ့သည်။

ဆုံးရှုံးသွားသော ဥယျာဉ်နှင့် မြေယာများအတွက် လျော်ကြေး ရရှိရန် အမြန်ဆုံးလုပ်ပေးစေချင်ကြောင်း၊ တောင်သူများမှာ စားဝတ်နေရေး အခက်အခဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်နေရကြောင်း အမ်းမြို့နယ်မှ တောင်သူ ဦးလှဌေးက ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၃ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်၊ မြန်မာတိုင်း/မြန်မာ

**ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)မှ တနိုင်းဒေသခံရွာသား ၂၁ ဦးနှင့် နာဂလူငယ် နှစ်ဦးကို ဖမ်းဆီး**

မတ်လ ၄ ရက်နေ့တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)မှ တပ်သား ၁၀၀ ခန့်က ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် တရုံကျေးရွာမှ ဆယ်အိမ်မှူးများ အပါအဝင် ဒေသခံ ၂၁ ဦးကို ဖမ်းဆီးသွားခဲ့သည်။ အများစုမှာ ကချင်အမျိုးသားများ ဖြစ်ကြပြီး ရှမ်းအမျိုးသား နှစ်ဦးနှင့် နာဂအမျိုးသား တစ်ဦးတို့လည်း ပါဝင်သည်။ ထို့အပြင် ဖမ်းဆီးခြင်းခံထားရသူ ၂၁ ဦးအနက် တရုံကျေးရွာ၊ ရပ်ကွက် (၂) မှ ဆယ်အိမ်မှူး ဦးကတုံးဆင်ဝါး သည် ၎င်း၏အိမ်တွင် မိသားစုဝင်ငွေကို အဓိက ရှာပေးနေသူဖြစ် သဖြင့် ပြန်လွှတ်ပေးရန် ပြောကြားခဲ့ရာ လူအစားထိုး လဲပေးပါက ပြန်လွှတ်ပေးမည် ဟု KIA တပ်ဖွဲ့ဝင်များက ပြောကြားကြောင်း မိသားစုဝင်များက ပြောကြားခဲ့သည်။ ထို့ကြောင့် မတ်လ ၆ ရက်နေ့တွင် ဦးကတုံးဆင်ဝါး၏ သမီးကြီးဖြစ်သူသည် လူစားလဲ ရန် လာခေါ်သည့် KIA တပ်ဖွဲ့ဝင်များ နှင့် လိုက်သွားခဲ့သည်ဟု ၎င်း၏ မိသားစုဝင်များနှင့် ကျေးရွာဒေသခံများက ပြောကြားခဲ့ သည်။

ရပ်ကွက် (၁) တွင် နေထိုင်သည့် အမျိုးသမီးတစ်ဦးကလည်း KIA တပ်ဖွဲ့ဝင်များမှ အိမ်တွင် အမျိုးသားများ မရှိပါက အမျိုးသမီးများကို စစ်မှုထမ်းရန် ခေါ်မည်ဟု ပြောကြားသွားခဲ့ သည်။ တနိုင်းမြို့နယ် တရုံကျေးရွာမှ ဖမ်းဆီးခြင်းခံထားရသူများ နှင့် ပတ်သက်၍ KIA မှ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူကို မေးမြန်းရာတွင် ၎င်းက တရုံကျေးရွာ ဒေသခံများ ဖမ်းဆီးခံရသည့် သတင်းကို မသိရှိသေးကြောင်း၊ သို့သော် KIA သည် တော်လှန်ရေးတပ်ဖွဲ့ ဖြစ်ပြီး လက်ရှိတွင် လည်း တပ်မတော်နှင့် တိုက်ပွဲများလည်း ဖြစ်ပွားနေသဖြင့် လူသစ်စုဆောင်းမှုများ ရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မတ်လ ၂၈ ရက်နေ့တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) မှ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ လမုန် ကျေးရွာမှ နာဂလူငယ်နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ သည်။ သို့သော် ထိုလူငယ်နှစ်ဦးသည် မတ်လ ၂၉ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ထိုနာဂလူငယ်နှစ်ဦးသည် ထင်း ခွေပြီး ပြန်လာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ KIA သည် တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာတချို့မှ ရွာသားများကို တပ်သားအဖြစ် ခေါ် ဆောင်သွားသည်မှာ မတ်လအတွင်း သုံးကြိမ်ခန့်ရှိနေပြီဖြစ်ကြောင်း ယင်းကျေးရွာရှိ ဒေသခံများမှ ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ The Voice/မြန်မာ

**ဘိလပ်မြေစက်ရုံစီမံကိန်း ကန့်ကွက်သူများ ခြိမ်းခြောက်ခြင်းခံရ**

ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ ဂါသောခူကျေးရွာအုပ်စု အနီးတွင် Square Power Group ကုမ္ပဏီမှ အကောင်အထည်ဖော်မည့် ဘိလပ်မြေ စက်ရုံစီမံကိန်းနှင့် ထုံးကျောက်တူးဖော်ရေး လုပ်ငန်းကို ကန့်ကွက်နေသူများအား ဒေသအခြေစိုက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ဖိအားပေး ခြိမ်းခြောက်လျှက်ရှိသည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ထို့အပြင် စီမံကိန်းကို ကန့်ကွက်ကြောင်း စိုက်ထူထားသည့် ဆိုင်းဘုတ်များသည်လည်း ဖျက်ဆီးခြင်းခံခဲ့ရသည်။ ကုမ္ပဏီမှ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ စီမံကိန်း အကောင်အထည်ဖော်သည့်အခါ ရေအရင်းအမြစ်များနှင့် သဘာဂပတ်ဂန်းကျင်ပျက်စီးမည်ကို စိုးရိမ်သည့်အတွက် ကန့်ကွက်ခြင်းဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့ သည်။ ထိုစီမံကိန်းကို ကန့်ကွက်သည့် လက်မှတ်ပေါင်း ခုနစ်ထောင်နီးပါးရရှိထားပြီး ထိုလက်မှတ်များကို ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ပေးပို့သွားရန် စီစဉ်ထားသည်ဟု ကရင်နီပြည် တောင်သူလယ်သမားသမဂ္ဂ အဖွဲ့ဝင် ကိုဒီဒီးမှ ပြောကြားခဲ့ သည်။

ထိုစီမံကိန်းများကို ကရင်နီပြည် လူငယ်များသမဂ္ဂ၊ ကရင်နီပြည် တောင်သူလယ်သမားသမဂ္ဂအပါအဝင် ဒေသ အခြေစိုက် အရပ်ဖက်အဖွဲ့ လေးဖွဲ့နှင့် ဒေသခံများမှ ကန့်ကွက်နေကြခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ငြိမ်း၊စု၊စီဥပဒေကို ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် အတည်ပြု**

မတ်လ ၇ ရက်နေ့တွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ)ကို ပြင်ဆင် ဖြည့်စွက်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ အတည်ပြုခဲ့သည်။ ထို့ကြောင့် ငြိမ်း၊စု၊စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆက်လက် ဆွေးနွေးသွား မည်ဖြစ်ပြီး တပ်မတော် လွှတ်တော်ကိုယ်စားလှယ် ၆၀ ဦးအပါအဝင် ကိုယ်စားလှယ်ဦးရေ ၈၀ မှ ဆွေးနွေးရန် တင်ပြထားသည်။

ငြိမ်းစုစီ ဥပဒေပြင်ဆင်ချက်အရ ဆန္ဒဖော်ထုတ်ရာတွင် ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံရမည့် ပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့ရှိပါက အမည်နှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင် ဥပဒေကြမ်းတွင် မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ပျက်ပြားစေရန် အကြံဖြင့် ဖြစ်စေ၊ ထိုသို့ ပျက်နိုင်ရာကြောင်း အခြေအနေ ဖြစ်နိုင်ကြောင်း သိရက်နှင့်ဖြစ်စေ၊ ငွေ သို့မဟုတ် ပစ္စည်းကို လည်းကောင်း၊ အခြားနည်းလမ်း တစ်ခုခုကို သုံးစွဲပြီး လူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းခြင်းပြုအောင် သွေးဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း ပြုကြောင်း ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ချရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားသည်။

မတ်လ ၅ ရက်နေ့တွင် လူဦးရေ ၅၀၀ ခန့်မှ ရန်ကုန်မြို့၊ သခင်မြပန်းခြံမှ မဟာဗန္ဓုလပန်း ခြံထိ မြို့နယ် ငါးမြို့နယ်ကိုဖြတ်သန်းကာ ထိုဥပဒေကြမ်းကို ချီတက်လမ်းလျှောက်ဆန္ဒပြကန့် ကွက်ခဲ့ကြသည်။ ထို့ပြင် ထိုဥပဒေကြမ်းနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်း ၁၈၂ ဖွဲ့နှင့် တစ်သီးပုဂ္ဂလ ထောက်ခံသူ ၁၆ ဦးတို့မှလည်း သဘောထားကြေညာချက် ထုတ်ပြန်ခဲ့သည်။

မတ်လ ၁၈ ရက်နေ့တွင် ထိုဥပဒေကြမ်းကို ဖျက်သိမ်းပေးရန်အတွက် ထိုဥပဒေမူကြမ်း ဖျက်သိမ်းရေးကော်မတီက ရန်ကုန်မြို့တွင် စတစ်ကာဖြန့်ဝေသည့် လှုပ်ရှားမှု ပြုလုပ်ခဲ့သည်။

မတ်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင်က ငြိမ်း၊စု၊စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေး သည့်အခါ လွတ်လပ်စွာ စုဝေးထုတ်ဖော်ပြောကြားခွင့်ကို မထိပါးစေရန် အလေးထား ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ကော်မရှင်မှ ပြည်သူများ၏ ကန့်ကွက်မှုများကို ထည့်သွင်းစဉ်းစားရန်လည်း အကြံပြုထားသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ မြန်မာတိုင်း

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ Reuters

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ ဒီဗွီဘီ

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ Burma Link

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ AP News

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်၊ မြန်မာတိုင်း

၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်၊ မဇ္ဈိမ

၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ BNI
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်၊ မြန်မာတိုင်း/မြန်မာ

**ကရင်လက်နက်ကိုင်တပ်ဖွဲ့မှ မွန်ရွာသားများကို ဖမ်းဆီးရာမှ တိုက်ပွဲဖြစ်ပွား**

မတ်လ ၄ ရက်နေ့ နံနက်တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့တို့သည် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာဒေသဖြစ်သော ရေးမြို့နယ်၊ ဘုရားတောင်ဒေသတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ မတ်လ ၃ ရက်နေ့ညနေတွင် မွန်ရွာသား ၂၇ ဦးကို ကရင် လက်နက်ကိုင် တပ်ဖွဲ့များမှ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့ရာမှ စတင်ကာ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုရွာသားများသည် စိုက်ခင်း အလုပ်သမားများဖြစ်ပြီး ၎င်းတို့ရွာသို့ပြန်လာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ မတ်လ ၄ ရက်နေ့တွင် ၎င်းတို့အားလုံး ပြန်လည် လွတ်မြောက်လာခဲ့သည်ဟု မွန်ပြည်သစ်ပါတီအရ သိရှိရသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်၊ BNI/မြန်မာ

**အင်္ဂပူမြို့နယ်တွင် မြေနကျွန်းခွဲဝေချထားခြင်းကို ကျေနပ်ခြင်းမရှိသဖြင့် တောင်သူများဆန္ဒထုတ်ဖော်**

မြေနကျွန်းခွဲဝေချထားခြင်းကို ကျေနပ်ခြင်းမရှိသဖြင့် မတ်လ ၆ ရက်နေ့တွင် ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ အမြိုင်းကျေးရွာမှ တောင်သူ ၅၀ ခန့်မှ ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ အင်္ဂပူမြို့နယ်၊ ကြို့ကုန်းကျေးရွာနှင့် အမြိုင်းကျေးရွာကြားတွင်ရှိသော မြေနကျွန်းကို ထိုကျေးရွာနှစ်ရွာမှ မြေနကျွန်းစိုက်တောင်သူများအကြား ၂၀၁၆ ခုနှစ်မှ စတင်၍ ပိုင်ဆိုင်မှု အငြင်းပွားနေခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ အငြင်းပွားမြေနကျွန်းကို နေရာခွဲဝေပြန်ချထားပေးရာ၌ တရားမျှတမှု မရှိသည့်အတွက် ဆန္ဒပြခဲ့ခြင်းဖြစ်သည်ဟု ဆန္ဒပြ တောင်သူများမှ ပြောကြားခဲ့သည်။ ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူတစ်ဦးဖြစ်သော အမြိုင်းကျေးရွာမှ ဦးလှမောင်မှ မြေနကျွန်းကို ခွဲဝေချထားပေးရာ၌ အမြိုင်းကျေးရွာက ၁၆ ဧကကျော် ရရှိခဲ့ပြီး ကြို့ကုန်းကျေးရွာက ဧက ၆၀ ကျော် ရရှိခဲ့သည့်အတွက် ဆန္ဒထုတ်ဖော်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဆန္ဒပြ တောင်သူများမှ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ ဆန္ဒကို မျက်ကွယ်ပြုသည့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြေစာရင်း ဦးစီးအရာရှိတို့အား အရေးယူပေးရေး၊ လူထုဆန္ဒအတည်ပြုပေးရေး စသည့်တို့ကို ကြွေးကြော်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ

**သိမ်းဆည်းခံခဲ့ရသော လယ်ယာမြေများနှင့် ပတ်သက်၍ လယ်ယာမြေပိုင်ရှင်များ မနစ်နာစေရေးအတွက် နစ်နာကြေးများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးသွားမည်**

မတ်လ ၆ ရက်နေ့တွင် ပုသိမ်မြို့၌ ငွေဆောင်ကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ ထိုတွေ့ဆုံပွဲတွင် ဧရာဝတီတိုင်းဝန်ကြီးချုပ် ဦးလှမိုးအောင်က သိမ်းဆည်းခြင်းခံခဲ့ရသော လယ်ယာမြေများနှင့် ပတ်သက်၍ လယ်ယာမြေပိုင်ရှင်များ မနစ်နာစေရေးအတွက် နစ်နာကြေးများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ငွေဆောင်ကမ်းခြေရှိ ဒေသခံပြည်သူများ ပိုင်ဆိုင်သော အုန်းခြံများကို ဟိုတယ်ဇုန်များ တည်ဆောက်ရေး အတွက် မြန်မာ့စီးပွားရေးဦးပိုင်မှ သိမ်းဆည်းခဲ့ကြောင်း၊ သိမ်း ဆည်းခဲ့စဉ်က မူလပိုင်ရှင်များအား စိုက်ပျိုးထားသည့် သီးနှံ လျော်ကြေးများသာ ပေးအပ်ခဲ့ပြီးနောက် ပေ ၄၀၊ ပေ ၅၀ မြေကွက်သာ ချပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် မြန်မာ့ စီးပွားရေးဦးပိုင်က မြေယာများကို ပြန်လည်စွန့်လွှတ်၍ တိုင်း ဒေသကြီး အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးခဲ့ကြောင်း၊ တိုင်းဒေသ ကြီး အစိုးရမှ သိမ်းဆည်းခံ ပြည်သူများထံ ပြန်လည်ပေးအပ်ခြင်း မရှိဘဲ လက်ရှိ လုပ်ငန်း လုပ်ဆောင်နေသည့် လုပ်ငန်းရှင်များကို ပြန်လည်ချထားပေးကြောင်း၊ သိမ်းဆည်းခံ မြေယာများ ပြန်လည် ရရှိရေးတောင်းဆိုမှုများနှင့် ပတ်သက်၍ မူလ သိမ်းဆည်းခံ ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရက နစ်နာကြေးများ ရရှိရန် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်၊ အီလဲဗင်း/မြန်မာ

**ကျောက်ဖြူမြို့သစ်စီမံကိန်းအတွက် သိမ်းဆည်းခံထားရသော မြေယာများနှင့် ပတ်သက်၍ ဒေသခံများ သတင်းစာ ရှင်းလင်း ပွဲပြုလုပ်**

ကျောက်ဖြူမြို့သစ်စီမံကိန်းအကောင်အထည်ဖော်ရန် တနင်္သာရီ တိုင်းဒေသကြီးအတွင်း သိမ်းဆည်းခြင်းခံထားရသော မြေယာ များနှင့် ပတ်သက်၍ မတ်လ ၈ ရက်နေ့တွင် မြိတ်မြို့၌ ဒေသခံ များမှ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ကတည်းက မြေယာဧက ၅၆၀၀ ကျော်ကို ဥပဒေ နှင့်မညီဘဲ သိမ်းဆည်းခဲ့သော်လည်း ဧက ၁၀၀ ကိုသာ အသုံး ပြုခဲ့သည့်အတွက် ဒေသခံများမှ သိမ်းဆည်းမြေများ ပြန်လည် စိစစ်ရေးကော်မတီနှင့် တခြားကော်မတီများကို တင်ပြခဲ့သော် လည်း အောင်မြင်ခြင်းမရှိခဲ့ပါဟု ကျောက်ဖြူကျေးရွာမှ ဦးတူးတူးလတ်က ပြောကြားခဲ့သည်။ ထို့ပြင် ၂၀၁၆ ခုနှစ်၊ မေလတွင်လည်း နိုင်ငံတော်သမ္မတထံ တင်ပြခဲ့သည်၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် တနင်္သာရီတိုင်း အစိုးရအဖွဲ့ဝင် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းမှ ထိုမြေယာများကို ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် မရှိပါဟု ပြောကြားခဲ့ကြောင်းကို လည်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်ရှိ မြေသိမ်းဆည်းခြင်းခံထားရ သော ဒေသခံများမှ ထိုသတင်းစာရှင်းလင်းပွဲကို တက်ရောက်ခဲ့ ကြသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ရန်ကုန်တိုင်းအစိုးရထံ မြေယာအငြင်းပွားမှု တိုင်ကြားစာ ၉၀၀ နီးပါးရောက်ရှိ**

မတ်လ ၈ ရက်နေ့တွင် ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဒဂုံမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမှ "ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူခဲ့သည့်နေ့မှ ယနေ့အချိန်အထိ ပြည်သူများထံမှ တိုင်ကြားစာမည်မျှ လက်ခံရရှိခဲ့ပြီးကြောင်းနှင့် ဖြေရှင်းဆောင်ရွက်ပြီးသည့် တိုင်ကြားချက် မည်မျှရှိသည်ကို သိရှိလိုကြောင်း" မေးမြန်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရထံ မြေယာ အငြင်းပွားမှု တိုင်ကြားစာပေါင်း ၈၉၁ စောင် ရောက်ရှိခဲ့ပြီး ၁၄၆ စောင်အား ဖြေရှင်းပြီးဖြစ်ကာ ၇၄၅ စောင် ဖြေရှင်းရန် ကျန်ရှိနေ သေးသည်ဟု ဖြေဆိုခဲ့သည်။ ထို့ပြင် ၎င်းမှ ရန်ကုန်တိုင်း ဒေသကြီးအတွင်း လယ်ယာမြေ သိမ်းဆည်းခြင်းနှင့် ပတ်သက် ပြီး အမှုတွဲပေါင်း တစ်သောင်း တစ်ထောင်ကျော် ရှိနေသည်ဟု ဆက်လက်ဖြေဆိုခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်၊ ဘီဘီစီ/မြန်မာ

**တစ်လကျော်ကြာ ပျောက်ဆုံးနေသည့် မိုင်းခေါင်စစ်ဘေးရှောင် နှစ်ဦးကို သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိ**

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော်မှ ကချင်ပြည်၊ မံစီမြို့နယ်၌ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သော ကချင် စစ်ဘေးရှောင် နှစ်ဦးဖြစ်ကြသည့် ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့ ၏ ရုပ်အလောင်းများကို သေနတ်ဒဏ်ရာများဖြင့် မတ်လ ၈ ရက်နေ့တွင် ပြန်လည် တွေ့ရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း Fortify Rights မှ ထုတ်ပြန်ခဲ့သော ကြေညာချက်ထဲတွင် ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့ ဖမ်းဆီးခြင်း ခံရသည်ကို တွေ့ရှိခဲ့သော မျက်မြင်သက်သေနှစ်ဦးမှ ဦးနခွန်နော်ဆန်းသည် ဆိုးရွားစွာ ရိုက်နှက်ခြင်းခံခဲ့ရပြီး စစ်သားများမှ ၎င်းတို့နှစ်ဦးအား ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)၏ ဝတ်စုံများကို ဝတ်ပေးရန် ကြိုးပမ်းခဲ့သည်ကို မြင်တွေ့ခဲ့ရသည်ဟု ပြောကြား ခဲ့ကြောင်း ဖော်ပြထားသည်။

မတ်လ ၉ ရက်နေ့တွင် ၎င်းတို့၏ မိသားစုဝင်များမှ ၎င်းတို့နှစ်ဦး အသတ်ခံရသည့်ကိစ္စကို မံစီမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ မံစီမြို့နယ်ရဲစခန်းမှူး ဒုရဲမှူးမျိုးသန့်က ထိုအမှု

ကို လူသတ်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ထားကာ စစ်ဆေးမှုများ စတင်ပြု လုပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ မတ်လ ၁၀ ရက်နေ့တွင် မံစီမြို့နယ်ရဲစခန်း၌ ၎င်းတို့နှစ်ဦး၏ မိသားစုဝင်များနှင့် မျက်မြင်သက်သေများမှ ထွက်ဆိုချက်များကိုပေးခဲ့ရသည်။ မတ်လ ၁၈ ရက်နေ့တွင် သေဆုံးသူ ဦးဖေါဂမ်ယော်၏ ဈွေးမဖြစ်သူ ဒေါ်ကော့အောင်အား တပ်မတော်မှ KIA နှင့် အဆက်အသွယ်ရှိသည်ဟု ဆိုကာ မတရား အသင်း ဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် အရေးယူထားကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၀ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၀ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ 7 Day Daily/မြန်မာ

**အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်**

ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ မြစ်ငယ်မြစ် (ဒုဌဝတီမြစ်)ပေါ်တွင် စစ်အစိုးရလက်ထက်ကတည်းက တည်ဆောက်နေသည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲကို မတ်လ ၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၌ ကျင်းပခဲ့သည်။ ထိုပွဲတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ SNLD ပါတီ၏ သီပေါမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်မှ စီမံကိန်းပြီးလျှင် စီမံကိန်းအနီးရှိ ရွာနှင့် ဥယျာဉ်ခြံမြေများ ရေနစ်မြုပ် မည်ဖြစ်သည့်အတွက် အစိုးရမှ လျော်ကြေး ပေးမည်ဆိုသော်လည်း ဒေသခံများမှ လက်မခံကြကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ထိုပွဲတွင် ကျေးရွာသားများမှ ထိုစီမံကိန်းကို ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အစိုးရမှ စီမံကိန်းအနီးရှိ တာလုံရွာကို ဖယ်ရှားခိုင်းသော်လည်း ဒေသခံများမှ ငြင်းဆန်နေကြသည်။ တာလုံရွာဒေသခံ ဦးစိုင်းထမ်အိုက်မှ ၂၀၁၄ ခုနှစ်မှ စတင်ပြီး ရွာအား ဖယ်ရှားခိုင်းခဲ့ခြင်းဖြစ်ပြီး အစိုးရမှ လျော်ကြေးပေးရန် ကမ်းလှမ်းသော်လည်း စိုက်ပျိုးထားသည့်အပင်များသည် နှစ်ရှည်ပင်များဖြစ်ခြင်း၊ အသက်မွေးဝမ်း ကြောင်း အလွန် အဆင်ပြေခြင်းတို့ကြောင့် ဖယ်ပေးရန် မဖြစ်နိုင်ပါဟု ပြောကြားခဲ့သည်။ ထိုစီမံကိန်းကို စစ်အစိုးရလက်ထက် ၂၀၀၈ ခုနှစ်ကတည်းကစတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ အစိုးရ မြေစာရင်းရုံး၏ စာရင်းများအရ တာလုံရွာတွင် အိမ်ခြေ ၁၄၃ လုံးရှိပြီး လူဦးရေ ၆၀၀ ကျော် နေထိုင်ကြသည်။ မိရိုးဖလာ ကမ္ဘလာခြံနှင့် ကျွဲကောခြံကေပေါင်း ၃၀၀ နီးပါးခန့်ရှိသည်ဟုလည်း ဦးစိုင်းခမ်းအောင်မှ ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲမှု ၁၁၉ မှု ရှိလာကြောင်း 'အသံ' အဖွဲ့ ထုတ်ပြန်**

မတ်လ ၈ ရက်နေ့တွင် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ (အသံ)မှ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု ၁၁၉ မှု အထိရှိလာကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်ထဲတွင် သမ္မတဟောင်း ဦးသိန်းစိန် အစိုးရလက်ထက်၌ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံရမှု ၁၁ မှုရှိပြီး လက်ရှိအစိုးရလက်ထက်၌ ဆက်သွယ်ရေး ဥပဒေ မပြင်ဆင်ရသေးချိန်တွင် တရားစွဲဆိုခံရမှု ၈၇ မှုနှင့် ယင်း ဥပဒေပြင်ဆင်ပြီးမှ တရားစွဲဆိုခံရမှု ၂၁ မှုရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် လက်ရှိအစိုးရ လက်ထက်တွင် တရားစွဲဆိုခံရမှု ၁၀၈ မှုထိရှိလာပြီဖြစ်သည်။

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံရမှုများ၌ တပ်မတော်မှ တရားစွဲဆိုမှု ခုနစ်မှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တရားစွဲဆိုမှု ခုနစ်မှုနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ ကြားလူများမှ တရားစွဲဆိုမှု ၁၀ မှု ပါဝင်သည်။

ထို့ပြင် သတင်းမီဒီယာသမားများအပေါ် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော အမှု ၁၄ မှုရှိပြီး သတင်းသမား ၂၂ ဦး တရားရင်ဆိုင်နေရကြောင်း ယင်းအဖွဲ့၏ သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၀ ရက်၊ 7 Day Daily/မြန်မာ

**ရှစ်လကြာပြီးနောက် အမှုအားအနည်းငယ်သာ စစ်ဆေးကာ ထောင်ဒဏ် ချမှတ်ခဲ့ခြင်းအတွက် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တရားသူကြီးမှ အမှုအား ရှစ်လကြာပြီးနောက်တွင် အနည်းငယ်သာ စစ်ဆေးကာ အသက် ၁၄ နှစ်နှင့် ၁၅ နှစ် အရွယ်ရှိ ကလေးငယ် ခုနစ်ဦးအား ထောင်ဒဏ် လေးနှစ် ချမှတ်ခဲ့ခြင်းအတွက် မတ်လ ၁၁ ရက်နေ့တွင် ကလေးငယ်များ၏ မိသားစုဝင်များ၊ ကလေး သူငယ် စောင့်ရှောက်ရေး ဝန်ထမ်းများနှင့် ရှေ့နေများက သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကလေးငယ်အချင်းချင်း ရန်ဖြစ်ခဲ့ကြပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ထိုကလေးငယ် ခုနစ်ဦးသည် ဖမ်းဆီးခြင်း ခံခဲ့ကြရသည်။ ထို့နောက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မ ရဲစခန်းမှ ၎င်းတို့အား ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၂၉၄၊ ၄၀၃၊ ၁၁၄ တို့ဖြင့် အမှုဖွင့်ခဲ့သည်။ သို့သော်လည်း ၎င်းတို့အား တရားစွဲဆိုချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၉၄၊ ၃၉၄၊ ၁၁၄ တို့ဖြင့် ပြောင်းလဲ တရားစွဲဆိုခဲ့သည်။ ထိုအမှုကို ရှစ်လကြာသည့် တိုင်အောင် စစ်ဆေးခြင်းမရှိဘဲ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် တရားလိုဖြစ်သူ အမျိုးသားနှင့် ကလေးငယ်တချို့ကို စစ်ဆေးခဲ့ပြီး တရားစွဲဆိုခံရသူ ကလေးငယ်များကို အနည်းငယ်စီ မေးမြန်းကာ မတ်လ ၅ ရက်နေ့တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တရားသူကြီးမှ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်၊ The Voice/မြန်မာ

**ရှမ်းပြည်နယ်ရှိ တပ်သိမ်းမြေတချို့ ပြန်လည် စွန့်လွှတ်မည် မဟုတ်ကြောင်း ကာကွယ်ရေး ဒုဝန်ကြီး ပြောကြား**

မတ်လ ၁၃ ရက်နေ့တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်က ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်အတွင်းရှိ တပ်သိမ်းမြေတချို့အား ပြန်လည် စွန့်လွှတ်မည်မဟုတ် ကြောင်း ပြောကြားခဲ့သည်။ ၎င်းမှ ယင်းမြေများကို တပ်ပိုင်မြေ အဖြစ် ပြည်ထဲရေး ဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိထားသည်ဟု ပြောကြားခဲ့သည့်အပြင် ဒေသခံ တောင်သူများသည် ပိုင်ဆိုင်မှု အထောက်အထား တစ်စုံတစ်ရာ ပြနိုင်ခြင်း မရှိဟုလည်း ပြော ကြားခဲ့သည်။ သို့သော်လည်း ၎င်းမှ နမ့်ကုန်းရေကန်နှင့် ရေဝေရေလဲ ဧရိယာ ၃၁ ဧကကိုမူ ပြန်လည် ပေးအပ်မည်ဟု ပြောကြားခဲ့သည်။ ရှမ်းပြည်နယ် ကျေးသီးမြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော် ၏ ကျေးသီး မြို့နယ်၊ အမှတ် ၁၃၁ ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်မြေအဖြစ် သိမ်းယူ ရာတွင် ပါဝင် သွားသော နမ့်ကုန်းရေကန် ရေဝေရေလဲ ဧရိယာ ၃၁ ဧကနှင့် တောင်သူများ၏ တောင်ယာစိုက်ခင်း ၁၆၅ ဧက အား ပြည်သူပိုင် အဖြစ် ပြန်လည် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ဗိုလ်ချုပ် မြင့်နွယ်က အထက်ပါအတိုင်း ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၃၊ ဧရာဝတီ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၃၊ ဧရာဝတီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၅၊ BNI/မြန်မာ

**တနင်္သာရီဂျာနယ် မီဒီယာ ကျင့်ဝတ်လိုက်နာခြင်းမရှိ၍ တရားစွဲဆိုခြင်းဖြစ်ကြောင်း တရားလိုပြောကြား**

တနင်္သာရီတိုင်းဒေသကြီးအစိုးရကိုယ်စား တိုင်းဒေသကြီးအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှမှ တရားစွဲဆိုထားသော တနင်္သာရီဂျာနယ်အမှုကို မတ်လ ၁၂ ရက်နေ့တွင် စစ်ဆေးခဲ့ သည်။ တရားလိုဖြစ်သူ ဦးအေးလှမှ တနင်္သာရီဂျာနယ်သည် မီဒီယာ ကျင့်ဝတ်ကို လိုက်နာခြင်းမရှိ၍ မီဒီယာဥပဒေ၊ ပုဒ်မ ၂၅(ခ)ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်ဟု ဧရာဝတီသတင်းဌာန သို့ပြောကြားခဲ့သည်။ ထိုနေ့ရုံးချိန်းတွင် တနင်္သာရီဂျာနယ် ဘက်မှ သက်သေခံ ခြောက်ခုကို တင်သွင်းခဲ့သည်။ ထားဝယ်မြို့ နယ်တရားသူကြီး ဦးကျော်မြင့်မှ အဆိုပါအမှုတွင် တရားလို ဦးအေးလှကို စစ်ဆေးမှု ပြီးဆုံးခဲ့ပြီဟု ပြောကြားခဲ့ပြီး နောက်ထပ် ရုံးချိန်းကို မတ်လ ၂၂ ရက်နေ့တွင် ချိန်းဆိုထားကြောင်း ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်နေ့ထုတ် တနင်္သာရီ အပတ်စဉ်ဂျာနယ်တွင် ဖော်ပြခဲ့သော 'မဲဆွယ်အပြုံး' သရော်စာဆောင်းပါး၌ အုပ်ချုပ်ရေး မှူးများ ပြန်လည် ရွေးတော့မည့် ကိစ္စနှင့်ပတ်သက်၍ လက်ရှိ အုပ်ချုပ်ရေးမှူး 'ရှင်ဝွမ်းဝို' ၏ တာဝန်ထမ်းဆောင်စဉ် ဆောင်ရွက်မှုများနှင့် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲအတွက် ပြင်ဆင်နေပုံများကို ရေးသားဖော်ပြခဲ့ခြင်းကြောင့် တိုင်းဒေသကြီး အစိုးရကိုယ်စား ဦးအေးလှမှ တရားလိုပြုလုပ်၍ တနင်္သာရီ အပတ်စဉ် ဂျာနယ်၏ တာဝန်ခံအယ်ဒီတာ ဦးမျိုးအောင်ကို သတင်းမီဒီယာ ဥပဒေဖြင့် အရေးယူပေးရန် ထားဝယ်မြို့နယ် တရားရုံး၌ နိုဝင်ဘာ ၂၃ ရက်နေ့တွင် ဦးတိုက် လျှောက်ထား ခဲ့ခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်

ဒေါက်တာလွဲလွဲမော်မှ ၎င်းသရော်စာပါ အကြောင်းအရာများသည် ၎င်းနှင့် ၎င်း၏ မိသားစုကို ထိခိုက်စော်ကားသည့် စာသားများပါဝင်သည်ဟုပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၂ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်၊ ဧရာဝတီ

**ရေအားလျှပ်စစ်စီမံကိန်းများကို ကန့်ကွက် ဆန္ဒပြ**

မြန်မာနိုင်ငံအတွင်းရှိ မြစ်မကြီးများနှင့် မြစ်လက်တက်များတွင် ရေအားလျှပ်စစ် စီမံကိန်းကြီးများကို ဆောက်လုပ်ခြင်းမပြုရန်နှင့် ထိုစီမံကိန်းကြီးများကို ကန့်ကွက်ကြောင်း ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ ဟတ်ကြီးရေကာတာ တည်ဆောက်မည့်နေရာ အနီးတွင် မတ်လ ၁၄ ရက်နေ့က ဆန္ဒပြခဲ့ကြသည်။ ဟတ်ကြီးရေကာတာ တည်ဆောက်မည့်ဒေသတွင် စစ်တပ်နှင့် ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော် (DKBA) နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တို့ကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် အစိုးရမှ ဟတ်ကြီးရေကာတာ တည်ဆောက်မှုကို ထောက်ခံကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ထိုကဲ့သို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မတ်လအတွင်းတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ကရင်တိုင်းရင်းသား ၅၀၀၀ ခန့်သည် ၎င်းတို့၏ ရွာများမှ စွန့်ခွာ ထွက်ပြေးခဲ့ကြရပြီး မြိုင်ကြီးငူဒေသရှိ ပြည်တွင်း ဒုက္ခသည်စခန်း၌ များစွာသော စစ်ဘေးရှောင်ပြည်သူများ ဆက်လက် ခိုလှုံနေကြရသည်။ ဖာပွန်ဒေသတွင် တပ်မတော်မှ စစ်သား ၆၀၀ ဖြင့် တပ်စွဲထားသောကြောင့် ကျေးရွာ ၁၄ ရွာမှ ဒေသခံ ရွာသား ၁၅၀၀ ကျော်သည် ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ဟတ်ကြီးရေကာတာ တည်ဆောက်မှုကို ဆက်လက် ပြုလုပ်လျှင် ရေကာတာ အထက်ဘက်ရှိ ကျေးရွာ ၅၀ မှ ဒေသခံ ၃၀၀၀၀ သည် ပြောင်းရွှေ့ရန် ဖိအားပေးခံကြရမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ကာကွယ်ရေးဦးစီးဌာနမှ တောင်ကြီးခရိုင်အတွင်း သိမ်းဆည်းထားသောမြေများကို ပြန်လည်ပေးအပ်**

ကာကွယ်ရေးဝန်ကြီးဌာနမှ တောင်ကြီးခရိုင်အတွင်း သိမ်းဆည်းထားသော မြေဧကများအနက် ဧက တစ်ထောင့်ကိုးရာကျော် (၁,၉၆၉ ဧက) ကို သက်ဆိုင်ရာမူလတောင်သူများနှင့် ရှမ်းပြည်နယ်အစိုးရထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ်လ ၁၄ ရက်နေ့က ပြုလုပ်ခဲ့ရာ လယ်ယာမြေ နှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည် စိစစ်ရေး ဗဟိုကော်မတီ ဥက္ကဌ၊ ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူ တက်ရောက်ခဲ့ သည်။

တောင်ကြီးခရိုင်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧရိယာ ၁,၉၆၉ ဧကအနက် ၆၂၂ ဧကကို မူလပိုင်ရှင်တောင်သူ ၃၅၆ ဦးထံသို့လည်းကောင်း၊ ကျန်သည့် ၁,၃၄၇ ဧကကို ရှမ်းပြည်နယ်အစိုးရထံသို့လည်းကောင်း ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ သည်။

၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ သမ္မတရုံး
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ

**ကျောင်းသားသမဂ္ဂတွင်ပါဝင်ခြင်းအတွက် တပ်မိသားစုဝင် ကျောင်းသားတစ်ဦးကို တပ်တွင်းနေထိုင်ခွင့်တားမြစ်**

